# မိဒေါ စောင့်ကြည့်ရေး လုပ်ထုံးလုပ်နည်းများဆိုင်ရာ သိကောင်းစရာများ

Women's League of Burma

အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)

# စီဒေါ စောင့်ကြည့်ရေး လုပ်ထုံးလုပ်နည်းများဆိုင်ရာ သိကောင်းစရာများ

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# စီဒေါ သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ရေးအတွက် လုပ်ထုံးလုပ်နည်းများဆိုင်ရာ သိကောင်းစရာများ

## အစီရင်ခံစာတင်သွင်းခြင်း လုပ်ငန်းဖြစ်စဉ်[၁]

## ၁) စီဒေါ ကော်မီတီနောက်ခံအကြောင်း

ကော်မီတီကို (၄) နှစ်သက်တမ်းအတွက် ရွေးချယ်ထားသော ဒေသအမျိုးမျိုးမှ ကျွမ်းကျင်ပညာရှင် (၂၃) ဦး ဖြင့်ဖွဲ့စည်းထားပါသည်။ ကျွမ်းကျင်ပညာရှင်များကို ၎င်းတို့၏ သက်ဆိုင်ရာ အစိုးရများက အမည်စာရင်း တင်သွင်းပြီး သဘောတူစာချုပ်အဖွဲ့ဝင် အစိုးရများက ရွေးချယ်ထားခြင်းဖြစ်ပါသည်။ ရွေးချယ်ခံရပြီးနောက်တွင် ၎င်းတို့သည် မိမိတို့၏ ပင်ကိုယ်စွမ်းရည်ဖြင့် ဆောင်ရွက်ကြသည်။ မိမိတို့ အစိုးရများအတွက် တာဝန်ခံ ဆောင်ရွက်ပေးခြင်းမရှိဟု ယူဆရပါသည်။

စီဒေါ ကော်မီတီ၏ အဓိကလုပ်ငန်းဆောင်သည်မှာ အစိုးရများတင်သွင်းသော အစီရင်ခံစာများကို စစ်ဆေးသုံးသပ်ခြင်းအားဖြင့် အစိုးရ၏ သဘောတူစာချုပ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ခြင်းဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံကို စစ်ဆေးသုံးသပ်ပြီးလျှင် နိဂုံးချုပ်လေ့လာတွေ့ရှိသုံးသပ်ချက်များဟုခေါ်သော နိဂုံးချုပ် အကြံပြုတင်ပြချက်များကို ရေးသားပြုစုပါသည်။ ကော်မီတီသည် သဘောတူစာချုပ်ပါ ပုဒ်မတခုချင်းနှင့်ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းခြင်း သဘောဆောင်သော အထွေထွေအကြံပြုတင်ပြချက်များကိုလည်း ရေးသားပြုစုပါသည်။ ယေဘုယျ အကြံပြုတင်ပြချက်များသည် သဘောတူစာချုပ်မှာဖော်ပြထားခြင်းမရှိသော လတ်တလောအကြောင်း ကိစ္စရပ်များကို စီဒေါကော်မီတီကဖြေရှင်းရာ၌ ကျင့်သုံးသည့် နည်းလမ်းများဖြစ်သည်။ ယနေ့အထိ အထွေထွေ အကြံပြုတင်ပြချက်ပေါင်း (၂၆) ချက်ရှိပြီး၊ ၎င်းတို့အနက် အထွေထွေ အကြံပြုတင်ပြချက် အမှတ် (၁၉) သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် သက်ဆိုင်ပါသည်။

## ၂) အစီရင်ခံတင်သွင်းခြင်း ဆိုင်ရာ ကော်မီတီ၏ လုပ်ထုံးလုပ်နည်းများ

အစဉ်အလာအရဆိုလျှင် ကော်မီတီသည် အစိုးရများ၏ အစီရင်ခံစာများကို စစ်ဆေးသုံးသပ်ရန်နှင့် စည်းရုံးရေး ကိစ္စများနှင့် အခြားကိစ္စများကို ချင့်ချိန်စဉ်းစားရန်အတွက် နှစ်စဉ် ဇန်နဝါရီလနှင့် ဇူလိုင်လတို့တွင် သီတင်း (၃) ပတ်ကြာမျှအချိန်ယူ၍ နယူးယောက်မြို့၌ အစည်းအဝေး (၂) ကြိမ်ကျင်းပပါသည်။ စည်းဝေးဆွေး နွေးပွဲကြီး တကြိမ်လျှင် အစီရင်ခံစာ (၈) စောင်ကို စစ်ဆေးသုံးသပ်လေ့ရှိသည်။

---

၁ Building Capicity fir Change: A Training Manual on the Convention on the Elimination of all Forms of Discrimination against Women (c) IWRAW Asia Pacific 2007. ISBN 978-983-43654-4, updated June 2008 မှ ထုတ်နုတ် ဘာသာပြန်ဆိုထားပါသည်။

၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်တို့တွင် ကော်မီတီသည် များပြားလှနေသော အစီရင်ခံစာများကို စစ်ဆေးသုံးသပ်ရန် အတွက် ဇန်နဝါရီ၊ မေနှင့် ဩဂုတ်လများအတွင်းတွင် စည်းဝေးဆွေးနွေးပွဲကြီး (၃) ကြိမ် ကျင်းပခဲ့သည်။ ၂၀၀၆ ခုနှစ်၌ ပုံမှန်၏ နှစ်ဆရှိသော အစီရင်ခံစာ (၁၅) စောင်ကို အစည်းဝေး ခန်းမ (၂) ဆောင်ဖြင့် ခွဲ၍ စစ်ဆေးသုံးသပ်သော နည်းလမ်းကို စမ်းသပ်ခဲ့သည်။ ဤနည်းလမ်းကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီနှင့် ဇူလိုင်/ ဩဂုတ်လများတွင် ကျင့်သုံးခဲ့သည်။

၂၀၀၈ ခုနှစ်ကစ၍ ကော်မီတီသည် ကုလသမဂ္ဂ စည်းဝေးဆွေးနွေးပွဲကြီးများ၏ လုပ်ငန်း တစိတ်တဒေသအဖြစ်၊ အစည်းအဝေးများကို နယူးယောက်နှင့် ဂျီနီဗာမြို့များတွင် အလှည့်ကျ စတင်ကျင်းပခဲ့သည်။

၂၀၀၉ ခုနှစ်တွင် စည်းဝေးဆွေးနွေးပွဲကြီး (၂) ခုကို ကျင်းပမည်ဟု စီစဉ်ထားသည်။ ထို စည်းဝေးပွဲကြီး (၂) ခု စလုံးကို အစည်းအဝေးခန်းမ (၂) ဆောင်ခွဲ၍ကျင်းပမည်ဖြစ်သည်။ ဆိုလိုသည် မှာ ကော်မီတီက စည်းဝေးဆွေးနွေးပွဲကြီး တခုစီ၌ နိုင်ငံ (၁၅) နိုင်ငံကို စစ်ဆေးသုံးသပ်မည်ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် စည်းဝေးဆွေးနွေး ပွဲကြီး (၃) ခု ကျင်းပရန် စီစဉ်ထားပြီး၊ စည်းဝေးပွဲ တခုစီတွင် နိုင်ငံ (၈) နိုင်ငံကို စစ်ဆေးသုံးသပ်မည်ဖြစ်သည်။

သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်အရ အစိုးရများသည် တရားဝင်စာချုပ်အဖွဲ့ဝင်ဖြစ်ချိန် (သဘောတူ လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ရက်ပေါင်း (၃၀) မှစ၍ တနှစ်တာကာလအတွင်း သဘောတူ စာချုပ်ကို အကောင်အထည်ဖေါ်ရာ၌ ကျင့်သုံးသော ဥပဒေဆိုင်ရာ သို့မဟုတ် တရားစီရင်ရေး ဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာနှင့် အခြားသော အစီအမံများအကြောင်း အစီရင်ခံစာ တစောင်ကို အထွေထွေ အတွင်းရေးမှူးထံသို့ တင်သွင်းရန် တာဝန်ရှိသည်။ ထို့နောက် စီဒေါ ကော်မီတီက အနည်းဆုံး (၄) နှစ်တကြိမ် သို့မဟုတ် မည်သည့် အချိန်အခါ၌မဆို အစီရင်ခံစာ တင်သွင်းရန် တောင်းဆိုလျှင်လည်း တင်သွင်းရမည်။ အကောင်အထည်ဖေါ်သော လုပ်ငန်းရပ်များနှင့် ကြုံတွေ့ရသော အခက်အခဲများ ပါဝင်နိုင်ဖွယ်ရှိသည့် ဤအစီရင်ခံစာများကို စဉ်းစားဆုံးဖြတ်ပေးရန် အတွက် စီဒေါ ကော်မီတီသို့ လွှဲပြောင်းပို့ပေးရန်ဖြစ်သည်။

စီဒေါ ကော်မီတီက အစိုးရများ အစီရင်ခံစာရေးသားပြုစုရာ၌ အထောက်အကူဖြစ်စေ သောငှာ လမ်းညွှန်ချက်အသစ်များကို ထုတ်ပြန်ပေးထားပါသည်။ အစိုးရများသည် အောက်ပါ အစီရင်ခံစာ (၂) စောင်ကို ရေးသားပြုစုရန်ဖြစ်သည်။

(က) ဘုံသဘောဆောင်သော ပင်မစာတမ်း။ ၎င်းတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဘုံသဘော ဆောင်သည့် တာဝန်ဝတ္တရားများအကြောင်း သတင်းအချက်အလက်များ ပါဝင်မည်။

(ခ) သဘောတူစာချုပ်အထူးပြုစာတမ်း။ ၎င်းတွင် သတ်မှတ်ထားသောစာချုပ်နှင့် အတိအကျ သက်ဆိုင်သည့် အစိုးရ၏တာဝန်ဝတ္တရာများအကြောင်း သတင်းအချက်အလက်များပါဝင်သည်။ ဤလမ်းညွှန်ချက်များကို အောက်ပါ နေရာတွင် ရှာကြည့်နိုင်ပါသည်။ http://www.iwrawap.org/aboutus/pdf/CEDAW_Guideline_for_reporting_2008.doc

အကြိမ် (၄၀) မြောက် စည်းဝေးဆွေးနွေးပွဲကြီး၏ ရလာဒ်များဖြစ်သော မူရင်းစာတမ်းများအတွက် OHCHR – CEDAW အင်တာနက်စာမျက်နှာကို ကြည့်ပါရန်။
http://ww.2.ohchr.org/english/bodies/cedaw/docs/E.CN.6.2008.CRP.1.pdf

အစီရင်ခံစာများကို အစီရင်ခံစာတင်သွင်းသော နိုင်ငံ၏ ကိုယ်စားလှယ်များ ရှေ့မှောက်၌ ကော်မီတီက စစ်ဆေးသုံးသပ်ပါသည်။ ကိုယ်စားလှယ်များက ထပ်ဖြည့်အစီရင်ခံစာတစောင် တင်သွင်းနိုင်ပါသည်။ အဖွဲ့ဝင်တဦးချင်းအနေနှင့် အစီရင်ခံစာနှင့်ဖြစ်စေ၊ တင်ပြချက်နှင့်ဖြစ်စေ၊ ရည်မှန်းချက်နှင့်ဖြစ်စေ စပ်ဆိုင်သော အကြောင်းကိစ္စရပ်တစုံတခုကို ရှင်းလင်းပြရန် သို့မဟုတ် အသေအချာစဉ်းစားပေးရန် လွတ်လွတ်လပ်လပ် တောင်းဆိုခွင့်ရှိပါသည်။ အစီရင်ခံစာအားလုံးကို ပထမဦးစွာ ကော်မီတီဝင် (၅) ဦးပါဝင်သော အကြိုစည်းဝေး ဆွေးနွေးပွဲ အလုပ်အဖွဲ့က စစ်ဆေးသုံးသပ်ပါသည်။ စီဒေါကော်မီတီ၏ အစီရင်ခံစာ စစ်ဆေးသုံးသပ်မှုကို လမ်းညွှန်ရေးအတွက် အလုပ်အဖွဲ့က မေးခွန်းများပြုစုပါသည်။ ဤမေးခွန်းများကိုနိုင်ငံ၏ ကိုယ်စားလှယ်များထံ ကြိုတင်ပေးထားပါသည်။ အစီရင်ခံစာကို ကော်မီတီ၏ ပုံမှန်စည်းဝေးဆွေးနွေးပွဲကြီးတွင် စစ်ဆေးသုံးသပ် ပါသည်။ စည်းဝေးဆွေးနွေးပွဲကြီးတွင် အစီရင်ခံစာတင်သွင်းသော အစိုးရ၏ ကိုယ်စားလှယ်များက အစီရင်ခံစာကို နှုတ်ဖြင့်တင်ပြပြီးလျှင် အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့သည် ကျွမ်းကျင်သူပညာရှင်များက မေးသော မေးခွန်းများကို ဖြေကြားပါသည်။ ကျွမ်းကျင်သူပညာရှင်များက အစီရင်ခံစာတွင် ဖေါ်ပြထားသော အကြောင်းကိစ္စရပ်များအပေါ် ၎င်းတို့၏ ကိုယ်ပိုင်အမြင်ကို တင်ပြလျှက် အစိုးရကိုယ်စားလှယ်များနှင့် "အပြုသဘော ဆွေးနွေး"ပါသည်။

အစပျိုးအစီရင်ခံစာနှင့် ကာလအပိုင်းအခြားအလိုက် တင်သွင်းသောအစီရင်ခံစာများကို အနည်းငယ် ကွဲပြားခြားနားစွာ စစ်ဆေးသုံးသပ်ပါသည်။ အစပျိုးအစီရင်ခံစာကို စစ်ဆေးသုံးသပ်ရာ၌ ပုဒ်မ (၁) နှင့် (၂)၊ (၁၅) နှင့် (၁၆) တို့ကို မျက်နှာချင်းဆိုင် ဆွေးနွေးသည်မှလွဲ၍၊ ပုဒ်မတခုချင်းစီအတွက် မေးခွန်းများကို မေးပါသည်။ ကာလအပိုင်းအခြားအလိုက် တင်သွင်းသော အစီရင်ခံစာများကို စစ်ဆေးသုံးသပ်ရာ၌ ပုဒ်မအုပ်စုများ အလိုက် မေးခွန်းများကိုမေးပါသည်။

- ပုဒ်မများ (၁–၅)
- ပုဒ်မများ (၆–၉)
- ပုဒ်မများ (၁၀–၁၄)
- ပုဒ်မများ (၁၅–၁၆)

ကော်မီတီက မေးခွန်း (၅) ခု (၆) ခုကို ဆက်တိုက်မေးပြီးလျှင် ဖြေကြားရန်အတွက် အစိုးရကိုယ်စားလှယ်များအား အချိန်ပေးပါသည်။ အကယ်၍ ခွင့်ပြုချက်ရပါက ၎င်းတို့အနေနှင့် မေးခွန်းအချို့ကို တပေါင်းတည်း ဖြေကြားနိုင်ပါသည်။ သို့မဟုတ် မေးခွန်းတခုချင်းစီအတွက် ဖြေကြားနိုင်ပါသည်။ မပြည့်စုံသော ဖြေကြားချက်များကြောင့် နောက်ဆက်တွဲ မေးခွန်းများ မေးလာနိုင်ဖွယ်ရှိပါသည်။

အစိုးရ၏ အစီရင်ခံစာ အသီးသီးကို စစ်ဆေး သုံးသပ်ပြီးလျှင် (CEDAW) ကော်မီတီက နိဂုံးချုပ် လေ့လာသုံးသပ်ချက်များကို ရေးသားပြုစုပါသည်။ ဤသုံးသပ်ချက်များတွင် အစိုးရ၏ သဘောတူစာချုပ် အကောင်အထည်ဖော်မှုအပေါ် သက်ရောက်မှုရှိသော အကြောင်းအချက်များ နှင့် အခက်အခဲများ၊ အကောင်းဘက်များ၊ ပြဿနာများ၏ ဆိုးကျိုးကို အဓိကခံစားရသူများ အပြင်၊ သဘောတူစာချုပ် အကောင်အထည်ဖော်မှု အောင်မြင်ရေးအတွက် အကြံပြုတင်ပြချက်များလည်းပါဝင်ပါသည်။

၁၉၉၈ ခုနှစ်၊ ဇူလိုင်မှစ၍ စီဒေါ ကော်မီတီသည် NGO များ၏ အရေးထားသော အကြောင်းကိစ္စရပ်များကို ကြားနာရန်နှင့် အစိုးရအစီရင်ခံစာကို စစ်ဆေးရန်အတွက် အချက်အလက်များစုဆောင်းရန် NGO များနှင့် တွေ့ဆုံဆွေးနွေးသော အစဉ်အလာကို စတင်ခဲ့သည်။

စစ်ဆေးသုံးသပ်မှုလုပ်ငန်းတွင် ကော်မီတီဝင်တဦးကို နိုင်ငံအလိုက် အထူးဆက်သွယ်ရေးအရာရှိ အဖြစ် ခန့်ထားသည်။ သူမက နိုင်ငံနှင့်သက်ဆိုင်သော အကြောင်းကိစ္စရပ်များအကြောင်း ကော်မီတီသို့ အကျဉ်းချုပ်တင်ပြပြီး၊ စစ်ဆေးသုံးသပ်မှုကိုဦးဆောင်လျှက်၊ နိဂုံးချုပ်လေ့လာသုံးသပ်ချက်များကို မူကြမ်းပြုစုပေးသည်။

ဤအစီရင်ခံစာများအပြင် ကော်မီတီက အစိုးရကိုယ်စားလှယ်အဖွဲ့အား အထူးအစီရင်ခံစာတစောင် တင်သွင်းရန်လည်း တောင်းဆိုကောင်းတောင်းဆိုနိုင်ပါသည်။ အထူးအစီရင်ခံစာဟု ခေါ်ရခြင်းမှာ ပုံမှန်အစီရင်ခံစာ၏ ပုံစံနှင့် ကွာခြားလေ့ရှိသောကြောင့်ဖြစ်ပါသည်။ အများအားဖြင့်၊ ဤအစီရင်ခံစာမျိုးတောင်းခံခြင်းခံရသော နိုင်ငံများသည် ပြည်တွင်းစစ်အတွင်းမှာ ကျရောက်နေတတ်ပြီး၊ ထိုပြည်တွင်းစစ်က အဆိုပါ နိုင်ငံ၏ အမျိုးသမီးများအပေါ် သက်ရောက်မှု သို့မဟုတ် ရိုက်ခတ်မှုများနှင့်ပတ်သက်၍ ကော်မီတီ အတွင်းမှာ စိုးရိမ် ပူပန်မှုများဖြစ်ပေါ်စေပါသည်။

တကယ့်လက်တွေ့၌ ကော်မီတီက နောက်လာမည့် စည်းဝေးဆွေးနွေးပွဲကြီးများတွင် အစီရင်ခံစာတင်ရန် အကြွေးတင်နေသော အစိုးရများ ယာယီစာရင်းကို ကြေငြာထားသည်။ ယာယီစာရင်းဖြစ်ရခြင်းမှာ အစိုးရများအဖို့ အစီရင်ခံစာတင်ရန် ဝန်လေးနေခြင်းကြောင့်လည်းကောင်း၊ တင်ရန် အဆင်သင့်မဖြစ်ခြင်း ကြောင့်လည်းကောင်း ဖြစ်နိုင်ဖွယ်ရှိသည်။

## ၃) အစီရင်ခံစာများကို သုံးသပ်ရာ၌ ကြုံတွေ့ရသော အခက်အခဲများ

အစိုးရတရပ်အနေနှင့် အစီရင်ခံတင်ပြရာတွင် အဘယ့်ကြောင့် အခက်အခဲများကြုံတွေ့ရသနည်း သို့မဟုတ် အဘယ့်ကြောင့် အစီရင်ခံတင်ပြခြင်း မရှိရသနည်း ဆိုသည်တို့နှင့်ပတ်သက်၍ နည်းပညာအရရော နိုင်ငံရေးအရပါ အကြောင်းရင်းများ ရှိနေပါသည်။ အာရှနိုင်ငံများမှာ ကြုံတွေ့ရသော အတွေ့အကြုံအရ အစိုးရတရပ်သည် အစီရင်ခံစာ၏ ရည်ရွယ်ချက်နှင့် စာချုပ်အကောင်အထည်ဖော်ရာ၌ မိမိ၏အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်း နားမလည်ကြောင်း တွေ့ရတတ်သည်။

အစီရင်ခံစာကို အကြောင်းပြုကာ စာချုပ်အကောင်အထည်ဖော်ရေး အစီအစဉ်ရေးဆွဲခြင်း၊ တိုးတက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် ရှေ့ဆက်တက်လှမ်းပြီး ပုံမှန်အကောင် အထည်ဖော်သွားခြင်း ပြုရမည်ကို နားမလည်သေးချေ။ သာဓကအားဖြင့်ဆိုရလျှင် စီဒေါ၊ CRC နှင့် CESCR သဘောတူညီချက်တို့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကြားဝင်ဆောင်ရွက်ပေးခြင်း၊ အကြားဝင်ဆောင်ရွက်ပေးမှုများအတွက် သင့်တော်သော အရင်းအမြစ်များ ခွဲဝေသတ်မှတ်ပေးခြင်း၊ ကြားဝင်ဆောင်ရွက်ပေးမှုများ ထိရောက်မှုရှိ မရှိနှင့် တိုးတက်အောင်မြင်မှုများကို စောင့်ကြည့်ခြင်းနှင့် အခွင့်အရေးများ အမှန်တကယ် ရရှိအောင် ပြဿနာဖြေရှင်းပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပေါ်လစီဆုံးဖြတ်ချက်များ ချမှတ်ပေးရန် လိုအပ်ပါသည်။ ဤအတွက် တိုးတက်မှုတိုင်းတာရန် လိုအပ်သော လူ့အခွင့်အရေးစံချိန်များ၊ အခြေခံအဆင့်အတန်း သတ်မှတ်ခြင်း၊ ထုံးစံနှင့် သက်ဆိုင်ရာ ညွှန်းကိန်းများ သတ်မှတ်ခြင်းတို့ အပေါ်အခြေခံသော စံချိန်စံညွှန်းများ သတ်မှတ်ပေး ရန်လိုအပ်ပါသည်။

သို့ရာတွင် "စာချုပ်ပါ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရန် အစီအမံများ ချမှတ်ရေး" အတွက် အသိရှိရှိ ကြိုးပမ်းအားထုတ်မှုမရှိသောကြောင့်၊ အစီရင်ခံစာရေးသားပြုစုခြင်းသည် သာမန်လုပ်ရိုး လုပ်စဉ်လုပ်ငန်းသက်သက်သာ ဖြစ်လာခဲ့သည်။ ထို့အပြင် မူလအစကတည်းက သင့်တော်သော အချက်အလက်များကို စုံလင်အောင်စုဆောင်းရန် သို့မဟုတ် သိသာသော သတင်းအချက်အလက်များကိုပင် စုဆောင်းရန် အားမထုတ်ခဲ့ခြင်းကြောင့် ငြီးငွေ့ဖွယ်ရာလည်းကောင်း အမြင်လည်းတိမ်သော အရာတခုဖြစ်လာခဲ့သည်။ အစီရင်ခံစာ မတင်မီတနှစ် သို့မဟုတ် ကာလတခုကတည်းက အတိုင်ပင်ခံ ကျွမ်းကျင်သူ ပညာရှင်များကို ငှားရမ်းထားသော နိုင်ငံ အများအပြားရှိသည်။

သဘောတူညီချက်ကို အကောင်အထည်ဖော်ရာ၌ တာဝန်ယူထားရသော ဗျူရိုကရက် အရာရှိများသည် အစီရင်ခံစာထဲမှာပါသော အကြောင်းအရာတို့နှင့်ပတ်သက်၍ ဘာတခုမျှမသိကြချေ။ နိုင်ငံရေးအဆင့်၌ ထိပ်တန်း အရာရှိကြီးများသည် အစီရင်ခံစာပါ အကြောင်းအရာ တနည်းအားဖြင့် ကျွမ်းကျင်သူပညာရှင်က အစီရင်ခံစာ ထဲတွင် ဖော်ပြထားသော ကတိကဝတ်များကို မသိကြချေ။ အစီရင်ခံစာသည် အသိရှိသော အစိုးရတရပ် အနေနှင့် အစိုးရ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရေးအတွက် အခြေခံလုပ်ငန်း စည်းမျဉ်းနှင့် လမ်းညွှန်ချက်ပေးသော ရောမ ရည်မှန်းချက်ကြီးကို ဝိုင်းဝန်းဖော်ဆောင်ပေးသင့်သည်။ သင့်တော်သော အချက်အလက်စုဆောင်းရန် နေရာတခုရှိပြီး၊ ၎င်းကို အဆက်မပြတ် ဆန်းသစ်ပေးမှသာလျှင် ထို့အပြင် လုပ်ဆောင်ချက်ရလာဒ်များကို အမှန်တကယ် စောင့်ကြည့်မှသာလျှင် ဤသို့ ဖော်ဆောင်နိုင်ပါလိမ့်မည်။

သို့ဖြစ်ရာ အစီရင်ခံတင်ပြရန်ပျက်ကွက်ခြင်းသည် အစီရင်ခံစာရေးနည်းကို မသိခြင်းကြောင့်ဆိုသည်ထက်၊ သက်ဆိုင်ရာအခွင့်အရေးများ၏ အကြောင်းအရာကို မသိခြင်း၊ ဤအစီရင်ခံစာ၏ ရည်မှန်းချက်ကို မသိခြင်းနှင့် အစီရင်ခံစာရေးသားပြုစုရန်အတွက် လိုအပ်သော အချက်အလက် အမျိုးအစားကို အဆက်မပြတ် စုဆောင်းထားမှုမရှိခြင်းတို့ကြောင့် ဖြစ်ရသည်ဟု အသိအမှတ်

ပြုထားသော အစိုးရများကို နည်းပညာအရ ကူညီသော ဝန်ဆောင်မှုများ ပေးရပေမည်။ နိုင်ငံရေး အကြောင်းရင်းလည်းရှိနိုင်ပါသည်။ သဘောတူစာချုပ်နှင့် ပတ်သက်၍ တန်းတူညီမျှမှု ရှိရေးသည် လက်ရှိအာဏာရအစိုးရများအဖို့ နိုင်ငံရေးအရ ထိခိုက်လာဖွယ်ရာ ရှိပါသည်။ ထို့အပြင် နည်းပညာအရ ဝန်ဆောင်မှုပေးရာ၌ အစိုးရဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသော ပြဿနာများကို ထည့်သွင်းစဉ်းစားရပေမည်။ အကြောင်းမှာ အစိုးရ၏ ကဏ္ဍအသီးသီးသည် သဘောတူစာချုပ်ကို အကောင်အထည်ဖေါ်ပေးရန် တာဝန်ရှိသောကြောင့် ဖြစ်ပါသည်။ စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ရှေ့နောက်ညီညွတ်မှုရှိစေခြင်း၊ စောင့်ကြည့်ခြင်းနှင့် အချက်အလက် စုဆောင်းခြင်းတို့အတွက် ဘက်ပေါင်းစုံ ချဉ်းကပ်နည်းနှင့် ဌာနချင်းဆက်သွယ်မှုများ လိုအပ်ပါသည်။ ဤသို့သော ဌာနချင်း ပူးပေါင်းဆောင်ရွက်မှုမျိုးကို ဆောင်ကျဉ်းပေးနိုင်သော နိုင်ငံဟူ၍ရှိခဲ့ပါသည်။ နည်းပညာ အကူအညီပေးရာ၌ ဤအဟန့်အတားများကို ထည့်သွင်းစဉ်းစားပြီးလျှင် ဖြေရှင်းနည်းများကို ဝိုင်းကူရှာပေးရမည်။ အမြင့်ဆုံးရည်မှန်းချက် အောင်မြင်ရေး အပေါ်မှာသာ အလေးမထားသင့်ချေ။ အစီရင်ခံစာရေးသားပြုစုခြင်းသည်သာလျှင် ရည်မှန်းချက်ဖြစ်ပါသည်။

အထူးသဖြင့် သင့်တော်သော အချက်အလက်စုဆောင်းရာဌါနများနှင့် စောင့်ကြည့်ရေး ယန္တရားစနစ်တို့ကို အစိုးရများ တည်ဆောက်နိုင်အောင်ကူညီရာ၌ စွမ်းရည်တည်ဆောက်ပေးမှု လိုအပ်ပါသည်။ နယ်မြေ ဒေသအဆင့်တွင် နယ်မြေဒေသတွင်းစွမ်းရည်နှင့် အရင်းအမြစ် (လူသား ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များ) စုဆောင်းထားရှိမှု တိုးတက်စေရေးအတွက် နိုင်ငံ အဆင့်လုပ်ငန်းများကို မြှင့်တင်ပေးရန်လိုသည်ဟုဆိုပါက အကြံပေးဝန်ဆောင်မှုသည် မရှိမဖြစ် လိုအပ်ပါသည်။ ဤအကြံပေးဝန်ဆောင်မှုဌာနများသည် ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင် သည့် နိုင်ငံအဆင့် လုပ်ဆောင်ချက်များ မြှင့်တင်ရေး လိုအပ်ကြောင်းကိုလည်း အလေးထားရမည်။ သို့မှသာ ကျွမ်းကျင်သူပညာရှင်များအပေါ် အလွန်အကျွံမှီခိုရခြင်းမှ လွတ်ကင်းနိုင်မည်ဖြစ်သည်။

ထို့အပြင် နည်းပညာအကူအညီနှင့် စွမ်းရည်တည်ဆောက်ပေးမှုတို့ကို အစိုးရ အဖွဲ့အစည်းများ အတွင်းမှ ပုဂ္ဂိုလ်များကိုရော အပြင်မှ ပုဂ္ဂိုလ်များကိုပါ ပေးရပေမည်။ အကယ်၍ **(OHCHR)** က အစိုးရဌာန အားလုံး အစိုးရအစီရင်ခံစာရေးသားပြုစုခြင်းနှင့် နိဂုံးချုပ်သုံးသပ်ချက်များ အကောင်အထည်ဖေါ်ခြင်းတို့တွင် ပါဝင်ရေးနှင့် ပတ်သက်၍ လက်ဦးမှုရှိရှိ ဆောင်ရွက်ပါက နည်းပညာ အကူအညီသည် အဖွဲ့အစည်းအလိုက် စွမ်းရည်မြှင့်တင်ရေးကိုသာ အကျိုးပြုမည်ဟူသော အချက်ကို လည်း မှတ်သားထားသင့်ပါသည်။ နောက်ဆုံးအနေနှင့်ပြောရလျှင် နိဂုံးချုပ် လေ့လာသုံးသပ်ချက် များထုတ်ပြန်အပြီး၊ နောက်ဆက်တွဲ ဆောင်ရွက်ချက်များအပေါ် အလေးထားသော နည်းပညာ အကူအညီ (နိဂုံးချုပ်လေ့လာ သုံးသပ်ချက်များ ထုတ်ပြန်ပြီး နောက်ပိုင်းတွင် ပေါ်လစီနှင့် လုပ်ငန်းစီမံချက် ရေးဆွဲနည်း၊ ၎င်း၏ တိုးတက်မှုကို တိုင်းတာနည်းတို့နှင့်သက်ဆိုင်သော အကူအညီ) ကို ပေးရမည်။ အစိုးရများအနေနှင့် ရှေ့သို့ တက်လှမ်းနိုင်စေရန်ဖြစ်သည်။ ဤနေရာတွင်၊ နောက်ဆက်တွဲ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဘက်ပေါင်းစုံချဉ်းကပ်နည်းကို ကျင့်သုံးနိုင်ပါသည်။ စောင့်ကြည့်ခြင်းနှင့် အကောင်အထည်ဖေါ်ခြင်းအတွက် သုံးစွဲရသော အရင်းအမြစ်များကို ကာမိ

စေရန်အတွက် လုပ်ငန်း စီမံချက်ရေးဆွဲရာ၌ စာချုပ်တခုအပေါ်မှာသာ အလေးထားမည့် အစား၊ သဘောတူလက်မှတ်ရေးထိုးထားသော စာချုပ်အားလုံးကို ထည့်သွင်းစဉ်းစားရမည်။

အချက်အလက်မလုံလောက်သည့်အပြင်၊ တာဝန်ကျေရုံလောက်သာ တင်သွင်းသော အစီရင်ခံစာများကို တားမြစ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အစီရင်ခံစာ မတင်သည်နှင့် မခြားဘဲ စာချုပ်စနစ်ကို ပေါ့ပျက်အောင် လုပ်သောကြောင့်ဖြစ်သည်။

## စီဒေါ အစီရင်ခံစာတင်သွင်းခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သော စာတမ်းများ

စီဒေါ အစီရင်ခံစာတင်သွင်းခြင်းလုပ်ငန်းတွင် စီဒေါ ကော်မီတီ၊ ကော်မီတီသို့ အစီရင်ခံသော အစိုးရများနှင့် အစီရင်ခံသောနိုင်ငံမှ NGO များ တင်သွင်းသော အစီရင်ခံစာများ ပါဝင်ပါသည်။ အစီရင်ခံတင်သွင်းခြင်း လုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် အဓိက အစီအစဉ်အတိုင်း ထုတ်ပြန်ရသော စာတမ်းများကို အောက်တွင် ဖော်ပြထားသည့် အတိုင်း တွေ့နိုင်ပါသည်။

### သဘောတူစာချုပ် လက်မှတ် ရေးထိုးပြီးနောက် တင်သွင်းသောအစီရင်ခံစာများ

- **အစိုးရ၏ အစီရင်ခံစာ** (Country report)
  - သဘောတူလက်မှတ်ရေးထိုးပြီး (၁)နှစ်အကြာနှင့် သည့်နောက်ပိုင်း (၄) နှစ်တကြိမ် တင်သွင်းရသည်။
  - အစိုးရအား အစီရင်ခံစာတင်သွင်းရန် အကြောင်းကြားပြီးနောက်တွင် သက်ဆိုင်ရာ စီဒေါ စည်းဝေးဆွေးနွေးပွဲကြီး၏ ကုလသမဂ္ဂ၊ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး အင်တာနက်စာမျက်နှာသို့ တင်သွင်းသည်။ (http://www2.ohchr.org/english/bodies/cedaw/sessions.htm, သက်ဆိုင်ရာ စည်းဝေးဆွေးနွေးပွဲကြီး နေရာကိုနှိပ်ပါ။) (၂၀၀၇–ခုနှစ်အထိ၊ အစိုးရ အစီရင်ခံစာများကို အလိုရှိပါက အမျိုးသမီးများတိုးတက်ရေးဌာနခွဲ၏ http://www.un.org/womenwatch/daw/cedaw/reports.htm အင်တာနက်စာမျက်နှာကို ကြည့်နိုင်ပါသည်။)

## အကြိုစည်းဝေးဆွေးနွေးပွဲ (Pre-session Meeting)

- **NGO တင်သွင်းသော အရေးကြီးကိစ္စရပ်များ စာရင်း သို့မဟုတ် စင်ပြိုင်အစီရင်ခံစာ အကျဉ်းချုပ်**
  - နိုင်ငံရှိ၊ အမျိုးသမီးများ၏အခြေအနေနှင့်ပတ်သက်၍ NGO များက အရေးကြီးဆုံးဟု ယူဆသော အကြောင်းကိစ္စရပ်များနှင့် မေးခွန်းများ (ပြဿနာများ) ဖြစ်သည်။ စီဒေါ ကော်မီတီ၏ အကြောင်း ကိစ္စရပ်များနှင့်မေးခွန်းများ (ပြဿနာများ) စာရင်းအောက်သို့ တင်သွင်းသည်။
  - စီဒေါ ကော်မီတီ အကြိုဆွေးနွေးပွဲ အလုပ်အဖွဲ့၏ အစည်းအဝေးမတိုင်မီ သီတင်း (၂) ပတ် အလို၌ အလုပ်အဖွဲ့သို့တင်သွင်းသည်။
  - IWRAW Asia Pacific အဖွဲ့ထံမှာ ရရှိနိုင်ပါသည်။

- **စီဒေါ ကော်မီတီ၏ အကြောင်းကိစ္စရပ်များနှင့် မေးခွန်းများ (အရေးကြီးပြဿနာများ) စာရင်း**
  – အစိုးရအစီရင်ခံစာရှိ ကွာဟမှုများနှင့် အရေးကြီးအကြောင်းကိစ္စရပ်များကို ဖော်ပြထားသော စာရင်း စည်းဝေးဆွေးနွေးပွဲကြီး၌ အစီရင်ခံတင်ပြခြင်းအစီအစဉ်မတိုင်မီ အကြို စည်းဝေးဆွေးနွေးပွဲ အလုပ် အဖွဲ့က တင်သွင်းသည်။
  – အကြိုစည်းဝေးဆွေးနွေးပွဲ အလုပ်အဖွဲ့၏ အစည်းအဝေးအပြီး၊ သီတင်းပတ် (၂) ပတ်မှ (၄) ပတ်ခန့် အကြာတွင် OHCHR အင်တာနက် စာမျက်နှာ၏ သက်ဆိုင်ရာ စည်းဝေး ဆွေးနွေးပွဲခေါင်းစဉ် အောက်သို့ ပေးပို့သည်။
  (http://www2.ohchr.org/english/bodies/cedaw/sessions.htm)

## စီဒေါ စည်းဝေးဆွေးနွေးပွဲကြီး အတွက် ကြိုတင်ပြင်ဆင်ခြင်း

- **အကြောင်းကိစ္စရပ်များနှင့် မေးခွန်းများစာရင်းနှင့် ပတ်သက်၍ အစိုးရ ကိုယ်စားလှယ်အဖွဲ့၏ ပြန်လှန် ဖြေကြားချက်များ**
  – ကော်မီတီ၏ မေးခွန်းများနှင့် တောင်းဆိုထားသော သတင်းအချက်အလက်များနှင့် ပတ်သက်၍ အစိုးရကိုယ်စားလှယ်အဖွဲ့၏ စာဖြင့်ရေးသားထားသော ပြန်လှန်ဖြေကြားချက်များ။
  – အကြောင်းကိစ္စရပ်များနှင့် မေးခွန်းများစာရင်းကို လက်ခံရရှိပြီးနောက်၊ သီတင်းပတ် (၆)ပတ် အကြာ၌ စီဒေါ ကော်မီတီသို့တင်သွင်းရသည်။
  – ဘာသာပြန်ဆိုပြီး၊ အများအားဖြင့် အကြောင်းကိစ္စရပ်များနှင့် မေးခွန်းများစာရင်းထုတ်ပြန် အပြီး၊ (၂) လ၊ (၃) လအကြာတွင် OHCHR အင်တာနက် စာမျက်နှာ၏ သက်ဆိုင်ရာ စည်းဝေးဆွေးနွေး ပွဲ ခေါင်းစဉ်အောက်သို့ ပေးပို့သည်။
  (http://www2.ohchr.org/english/bodies/cedaw/sessions.htm)

- **အစည်းအဝေး အစီအစဉ်** (Provisonal Agenda)
  – စီဒေါ စည်းဝေးဆွေးနွေးပွဲကြီး မတိုင်မီ (၂) လ (၃) လခန့်အလိုတွင် OHCHR အင်တာနက် စာမျက်နှာ၏ သက်ဆိုင်ရာ စည်းဝေးဆွေးနွေးပွဲခေါင်းစဉ်အောက်သို့ ပေးပို့သည်။
  (http://www2.ohchr.org/english/bodies/cedaw/sessions.htm)

- **NGO ၏ စင်ပြိုင်အစီရင်ခံစာ**
  – စီဒေါ သဘောတူစာချုပ်ပါ အရေးကြီးသော အခွင့်အရေးများကို အကောင်အထည်ဖော် ရာ၌ အစိုးရ၏ လိုက်နာမှုနှင့်ပတ်သက်၍ ကော်မီတီသို့ သတင်းချက်အလက်များပေးသော အားဖြင့် အစီရင်ခံစာ တင်သွင်းရေးလုပ်ငန်းအတွက် NGO ၏ ကျိုးပမ်းချက်ဖြစ်သည်။
  – ရေးသားပြုစုရာ၌ သဘောတူစာချုပ်ပါ ပုဒ်မများအလိုက် ရေးသားပြုစုသင့်သည်။ အစီရင်ခံစာ အကျဉ်းချုပ်နှင့် မာတိကာဇယားပါသင့်သည်။ ထို့အပြင် IWRAW Asia Pacific အဖွဲ့၏ လမ်းညွှန်ချက်များ (လမ်းညွှန်ချက်များကို http://www.iwrawap.org/using_cedaw/sreport_guidelines.htm တွင်ကြည့်ပါ) တွင် ရှင်းပြထားသည်နှင့်အညီ၊ အစိုးရ

နှင့်/ သို့မဟုတ် (CEDAW) ကော်မီတီတို့ ဆောင်ရွက်ရန် အကြံပြုတင်ပြချက်များလည်း ပါသင့်သည်။

– စီဒေါ ကော်မီတီဝင်များသို့ စည်းဝေးဆွေးနွေးပွဲကြီး မတိုင်မီ (၂) လခန့်အလိုတွင် စာရွက်မိတ္တူနှင့် အီးမေးလ် မိတ္တူများဖြန့်ဝေပေးနိုင်ရေးအတွက်သော်လည်းကောင်း၊ အများသို့ (၁) လခန့်အလိုတွင် အီးမေးလ်မိတ္တူများ ဖြန့်ဝေပေးနိုင်ရေးအတွက်သော်လည်းကောင်း IWRAW Asia Pacific အဖွဲ့သို့ တင်သွင်းရသည်။

– IWRAW Asia Pacific အဖွဲ့၏ အင်တာနက်စာမျက်နှာသို့ ပေးပို့ရသည်။ NGO ၏ စင်ပြိုင်အစီရင်ခံစာကို အလိုရှိပါလျှင် http://www.iwraw-ap.org/resources/shadow_reports.htm တွင် ကြည့်ပါ။)

## စီဒေါ စည်းဝေးဆွေးနွေးပွဲကြီး ကာလအတွင်း

- **NGO ၏ နှုတ်အားဖြင့် ထုတ်ပြန်တင်ပြချက်**
  - အစီရင်ခံတင်ပြသောနိုင်ငံရှိ အရေးကြီးဆုံး အကြောင်းကိစ္စရပ်များ အကြောင်း (၅–၁၀) မိနစ်ခန့် တင်ပြချက်။
  - အစိုးရကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာများ မတင်သွင်းမီ၊ တနင်္လာနေ့ အလွတ်သဘော NGO တွေ့ဆုံပွဲ၌ စီဒေါ ကော်မီတီသို့ တင်ပြသည်။
  - IWRAW Asia Pacific အဖွဲ့၏ အင်တာနက်စာမျက်နှာသို့ ပေးပို့သည်။ (http://www.iwraw-ap.org/resources/brief_statement.htm)

- **အစိုးရကိုယ်စားလှယ်အဖွဲ့၏ ပဏာမ မိတ်ဆက် တင်ပြချက်**
  - စီဒေါ ကော်မီတီနှင့် အစိုးရကိုယ်စားလှယ်အဖွဲ့တို့၏ နှစ်ဦးနှစ်ဖက်စည်းဝေးဆွေးနွေးပွဲ၌ အစိုးရ ကိုယ်စားလှယ်အဖွဲ့က ကော်မီတီသို့ တင်ပြချက်။
  - တခါတရံ၊ OHCHR အင်တာနက် စာမျက်နှာ၏ သက်ဆိုင်ရာ စည်းဝေးဆွေးနွေးပွဲ ခေါင်းစဉ် အောက်သို့ ပေးပို့သည်။ (http://www2.ohchr.org/english/bodies/cedaw/sessions.htm)

- **အစိုးရ ကိုယ်စားလှယ်အဖွဲ့**
  - အစိုးရကိုယ်စားလှယ်အဖွဲ့ဝင်များ၏ အမည်များ။
  - တခါတရံ၊ OHCHR အင်တာနက် စာမျက်နှာ၏ သက်ဆိုင်ရာ စည်းဝေးဆွေးနွေးပွဲ ခေါင်းစဉ် အောက်သို့ ပေးပို့သည်။ (http://www2.ohchr.org/english/bodies/cedaw/sessions.htm)

- **သတင်းထုတ်ပြန်ကြေညာချက်များ**
  - စည်းဝေးဆွေးနွေးပွဲကြီး ပြီးသောနေ့တွင် ထုတ်ပြန်သော အပြုသဘောစည်းဝေးဆွေးနွေးပွဲ အကြောင်း တိကျသော အကျဉ်းချုပ်။

- ၎င်းသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီးပြီးချင်းမှာပင် အစီရင်ခံတင်ပြသောနိုင်ငံ၏ NGO များက မိမိတို့နိုင်ငံတွင်းရှိ သတင်းဌာနများသို့ လွှဲပြောင်းပေးပို့ခြင်းအားဖြင့် အစီရင်ခံစာတင်သွင်းခြင်း လုပ်ငန်းအကြောင်းကို အများပြည်သူတို့အား အသိပေးရာ၌ ၎င်းကို အသုံးပြုလေ့ရှိသည်။
- OHCHR အင်တာနက် စာမျက်နှာ
- http://www2.ohchr..org/english/bodies/cedaw/pressleases.htm သို့ ပေးပို့သည်။ ("Press Relaease & Meeting Summaries (UNOG)"ကိုရှာပါ။ ထို့နောက် "CEDAW Committee" ကိုရှာပါ။ ပြီးလျှင် "List All" ကိုရှာပါ။)

## စီဒေါ စည်းဝေးဆွေးနွေးပွဲကြီး အပြီးနောက်ပိုင်း

- **နိဂုံးချုပ် လေ့လာသုံးသပ်ချက်များ**
  - အစိုးရအစီရင်ခံစာ၊ စာချုပ်အဖွဲ့ဝင်နိုင်ငံ အစိုးရနှင့်အပြုသဘောစည်းဝေးဆွေးနွေးပွဲ၊ စီဒေါ ကော်မီတီ လက်ခံရရှိသော စာစောင်စာတမ်း သို့မဟုတ် သတင်းအချက်အလက်တို့မှ ပေါ်ထွက်လာသော သဘောတူစာချုပ် အကောင်အထည်ဖော်ပုံနှင့် ပတ်သက်သည့် ကော်မီတီ၏ သုံးသပ်ချက်များနှင့် အကြံပြုတင်ပြချက်များ အကျဉ်းချုပ်
  - အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် အပြုသဘောဆောင်သော စည်းဝေးဆွေးနွေးပွဲအပြီး၊ သီတင်း (၂) ပတ်ခန့်အကြာ၌ OHCHR အင်တာနက် စာမျက်နှာ၏ သက်ဆိုင်ရာ စည်းဝေးဆွေးနွေးပွဲခေါင်းစဉ် အောက်သို့ ပေးပို့သည်။ (http://www2.ohchr.org/english/bodies/cedaw/sessions.htm)

- **အကျဉ်းချုပ် မှတ်တမ်းများ**
  - အစိုးရကိုယ်စားလှယ်အဖွဲ့၏ ပဏာမတင်ပြချက်၊ မေးခွန်းများနှင့် အစိုးရကိုယ်စားလှယ်အဖွဲ့၏ ပြန်လည်ဖြေကြားချက်များ အပါအဝင် အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ကော်မီတီတို့၏ နှစ်ဦးနှစ်ဖက် အပြုသဘောဆောင် စည်းဝေးဆွေးနွေးပွဲချက်များ၏ အသေးစိတ် မှတ်တမ်းများ။
  - အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် အပြုသဘောဆောင်သောဆွေးနွေးပွဲအပြီး၊ (ခန့်မှန်းခြေ) (၄–၅) လခန့် အကြာ၌ OHCHR အင်တာနက် စာမျက်နှာ၏ သက်ဆိုင်ရာ ဆွေးနွေးပွဲ ခေါင်းစဉ်အောက်သို့ ပေးပို့သည်။ (http://www2.ohchr.org/english/bodies/cedaw/sessions.htm)

- **အသုံးပြုသော ဘာသာစကားများ – အင်္ဂလိပ်၊ *ပြင်သစ်၊ စပိန်၊ တရုပ် ဘာသာ* (မည်သည့် *ကော်မီတီဝင်များက မည်သည့်ဘာသာစကားအသုံးပြုသည်ကို IWRAW ကို စုံစမ်းမေးမြန်းနိုင် ပါသည်)***

## စီဒေါ *ကော်မီတီအား စည်းရုံးတိုက်တွန်းခြင်း– အကြံပြုချက်များနှင့် မဟာဗျူဟာများ*

စီဒေါ ကော်မီတီဝင်များ၏ အမည်များကို သိအောင် သူတို့၏ အမည်စာရင်းကို ဆောင်ထားပါ။ သူတို့၏ အမည်များကို IWRAW Asia Pacific အဖွဲ့၏ အင်တာနက်စာမျက်နှာ www.iwraw-ap.org မှာလည်း ရှာတွေ့ နိုင်ပါသည်။

စီဒေါ ကော်မီတီနှင့် စကားပြောဆိုရေး အဆင်ပြေရန်အတွက် မည်သူ့အကူအညီကိုမျှ မလိုပါ။ စီဒေါ စည်းဝေးဆွေးနွေးပွဲကြီး ကျင်းပရာ အစည်းအဝေးခန်းမသို့ သွားပြီး၊ ကော်မီတီဝင်ဆီသို့လျှောက်သွားကာ၊ မိမိကိုယ် မိမိ "From Global to Local" ဟုခေါ်သော IWRAW Asia Pacific လုပ်ငန်းအစီအစဉ်မှ ဖြစ်ကြောင်း ပြောပြ၍ မိတ်ဆက်ပေး လိုက်ရုံပင် ဖြစ်သည်။ ကော်မီတီဝင်တို့၏ အမည်များကို သူတို့ထိုင်နေ သောနေရာများ ရေးထားပါလိမ့်မည်။

ကော်မီတီဝင်များထဲမှ အချို့ကို မိမိတို့နှင့်အတူ အဆင်ပြေသောအချိန်တချိန်တွင် နေ့လည်စာစားရန် သို့မဟုတ် လက်ဖက်ရည် သောက်ရန် ဖိတ်ပါ။ သူတို့က စီဒေါ စည်းဝေးဆွေးနွေးပွဲကြီး မစတင်မီ အချိန်တချိန်၌ မိမိတို့နှင့်အတူ လက်ဖက်ရည် သို့မဟုတ် ကော်ဖီသောက်ရန် သဘောတူလက်ခံပါလိမ့်မည်။ မိမိတို့ နိုင်ငံကို စစ်ဆေးသုံးသပ်မည့် နေ့၏ နေ့လည်စာစားချိန်သည် အထူးအရေးကြီးပါသည်။ အကြောင်းမှာ နိုင်ငံအစိုးရ၏ ကိုယ်စားလှယ် အဖွဲ့က ထိုနံနက်ပိုင်း စည်းဝေးဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးခြင်း ရှိ–မရှိကို ကော်မီတီအား မိမိတို့ကအသိပေးနိုင်သောကြောင့်ဖြစ်ပါသည်။ ထိုနေ့တွင် အခြားမည်သူနှင့်မျှ နေ့လည်စာ အတူမစားပါနှင့်။ အထူးသဖြင့် နိုင်ငံအစိုးရ၏ ကိုယ်စားလှယ်များနှင့် အတူမစားပါလေနှင့်။

နိုင်ငံအစိုးရ၏အစီရင်ခံစာကို စစ်ဆေးသုံးသပ်ပြီးနောက်တွင်၊ နိဂုံးချုပ်လေ့လာသုံးသပ်ချက်များတွင် မိမိတို့ပါဝင် စေလိုသော အချက်များနှင့်ပတ်သက်၍ တင်ပြချက်အချို့ကို ရေးသားပြုစုပါ။ ပြီးလျှင် မိမိတို့နိုင်ငံအတွက် အထူးဆက်သွယ်ရေးအရာရှိအဖြစ် ဆောင်ရွက်မည့် ကော်မီတီဝင်အား မိမိတို့ရေးသားထားသော တင်ပြချက်ကို ပေးပါ။ အစဉ်အလာအားဖြင့် ဤကိစ္စသည် အတွင်းရေးကိစ္စဖြစ်ပါသည်။ မိမိတို့အနေနှင့် ထိုစီဒေါ ကော်မီတီဝင်ကို ရင်းရင်းနှီးနှီး ပြောဆိုနိုင်ပါသည်။ သူ/သူမ၏ အမည်ကို တောင်းယူထားနိုင်ပါသည်။ IWRAW Resource ဌာနမှ ပုဂ္ဂိုလ်များအတွက်လည်း မိတ္တူတစောင်ပေးစေလိုပါသည်။ စစ်ဆေးသုံးသပ်မှုပြု နေစဉ်အချိန် အတောအတွင်း မိမိတို့အနေနှင့် မှတ်စုလိုက်ရေးရန်လည်း လိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤမှတ်စုများသည် နောက်ပိုင်း စည်းရုံးတိုက်တွန်း တောင်းဆိုမှုပြုရာ၌ အထောက်အကူရသောကြောင့် ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်တွင် စီဒေါ ကော်မီတီက စည်းဝေးဆွေးနွေးပွဲကြီး (၃) ခု ကျင်းပမည်ဖြစ်သည်။ စည်းဝေးဆွေးနွေး ပွဲကြီး တခုစီတွင် နိုင်ငံ (၆) နိုင်ငံကို စစ်ဆေးသုံးသပ်မည်ဖြစ်သည်။ ၂၀၁၀ ခုနှစ်အတွက် နိုင်ငံ (၄) နိုင်ငံကို သာ ထည့်သွင်းရသေးသည်။

နောက်ဆုံးအကျဆုံး သတင်းအချက်အလက်များကို သိလိုပါက OHCHR ၏ အင်တာနက် စာမျက်နှာ http://www2.ohchr.org/english/bodies/cedaw/sessions.htm မှာကြည့်ပါ။

## နောက်လာမည့် စီဒေါ အကောင်အထည်ဖော်မှုများအတွက် လူ့အခွင့်အရေးကောင်စီ၏ ကမ္ဘာလုံးဆိုင်ရာ ကာလအပိုင်းအခြားအလိုက် စစ်ဆေးသုံးသပ်ခြင်းလုပ်ငန်းကို အသုံးပြုခြင်း၊

ကမ္ဘာလုံးဆိုင်ရာ ကာလအပိုင်းအခြားအလိုက် စစ်ဆေးသုံးသပ်ခြင်းလုပ်ငန်း (UPR) သည် ကုလသမဂ္ဂ လူ့အခွင့်အရေးစနစ်တွင် အသစ်တီထွင်ထားသော လုပ်ငန်းတခုဖြစ်သည်။ ဤလုပ်ငန်း အရ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအသီးသီးကို ကာအပိုင်းအခြားအလိုက် (ဤအဆင့်၌ ၄ နှစ် တကြိမ်) ၎င်း၏ လူ့အခွင့်အရေး မှတ်တမ်းနှင့်ပတ်သက်၍ လူ့အခွင့်အရေးကောင်စီတွင် ပါဝင်သော အခြား အဖွဲ့ဝင်နိုင်ငံများက စစ်ဆေးသုံးသပ်မည် ဖြစ်သည်။ နှစ်စဉ် နိုင်ငံ (၄၈) နိုင်ငံကို စစ်ဆေးသုံးသပ်မည်။

NGO များအနေနှင့် အတွင်းရေးမှူးအဖွဲ့ OHCHR သို့ စာဖြင့်ရေးသားတင်ပြချက်များ ကို ပေးပို့ခြင်းအားဖြင့် UPRသို့ တင်သွင်းနိုင်ပါသည်။ NGO များက စီဒေါ ကော်မီတီသို့ တင်သွင်းခဲ့သော စင်ပြိုင် အစီရင်ခံစာများသည် ကမ္ဘာလုံးဆိုင်ရာ ကာလအပိုင်းအခြားအလိုက် စစ်ဆေးသုံးသပ် ခြင်းလုပ်ငန်း (UPR) အတွက်လည်း အသုံးဝင်ပါလိမ့်မည်။ NGO များသည် မိမိတို့အစီရင်ခံစာကို အကျဉ်းချုပ်ရေးသားပြီးလျှင် အဓိက အစီရင်ခံစာနှင့် ပူးတွဲထားနိုင်ပါသည်။ ဤအစီရင်ခံစာကို လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသို့ ပေးပို့နိုင်ပါသည်။ လူ့အခွင့်အရေး ဆိုင်ရာမဟာမင်းကြီးရုံးသည် ((NHRIS) နှင့် NGO များ ကဲ့သို့သော) ပါဝင်ပတ်သက်သူများထံ မှ ယုံကြည်စိတ်ချရလောက်သော သတင်းအချက်အလက်များကို အခြေခံ၍ (၁၀) မျက်နှာ အစီရင်ခံစာ ရေးသားပြုစုသော အတွေ့အကြုံရှိထားပါသည်။

UPR သည် အမျိုးသမီးအဖွဲ့အစည်းများအဖို့ အမျိုးသမီးအခွင့်အရေးအခြေအနေ၊ စီဒေါ အကောင်အထည်ဖော်မှုအဆင့်အတန်း၊ စီဒေါ နှင့်စပ်ဆိုင်သော အခြား ပဏာမသဘောတူညီချက် များကို သဘောတူ လက်မှတ်ရေးထိုးအောင် စည်းရုံး တိုက်တွန်းခြင်း တို့နှင့်ပတ်သက်၍ သတင်း အချက်အလက်များ တင်ပြရန် နိုးနှောဖလှယ်ပွဲ တရပ်ကို ကျင်းပပေးပါသည်။

နောက်ထပ်၍ သတင်းအချက်အလက်များ သိလိုပါက OHCHR အင်တာနက် စာမျက်နှာ ၏ http/www.ohchr.org/EN/HRBBodies/UPR/Pages/NoteNGo.aspx တွင် ရှာကြည့်နိုင်ပါ သည်။ အသုံးဝင်သော ဤ NGO အင်တာနက်စာမျက်နှာ http://www.upr-info.org တွင်လည်း ရှာကြည့်နိုင်ပါသည်။ စစ်ဆေးသုံးသပ်ခြင်းနှင့် သက်ဆိုင်သော တရားဝင်စာတမ်းများ၊ နိုင်ငံတိုင်း၏ စစ်ဆေးသုံးသပ်ချက် အကျဉ်းချုပ်များ၊ စစ်ဆေးသုံးသပ်ချက်များ၏ ရလာဒ်များနှင့် နောက်ဆက်တွဲ ဆောင်ရွက်မှုများ၊ လူ့အခွင့်အရေးကောင်စီ (HRC) စုံညီအစည်းအဝေး၏ အင်တာနက် ထုတ်ပြန်ချက်များကို တွေ့ရပါလိမ့်မည်။